**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ(၁၁/၂၀၂၃)**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ၂၈ ရက်

အကြောင်းအရာ။ **နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်တင်ပို့မှုအတွက် ပို့ကုန်ကြိုတင်ဝင်ငွေ ဝင်ရောက်ရမည့်(Advance Telegraphic Transfer –TT )စနစ်ဖြင့် ခွင့်ပြုခြင်းကို ဖြေလျှော့သည့်ကိစ္စထုတ်ပြန်ခြင်း**

၁။ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၃၂/၂၀၂၂) ဆုံးဖြတ်ချက်အရ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် မြေပဲဆံတို့ကို နယ်စပ်ကုန်သွယ်ရေးမှ ပြည်ပသို့ တင်ပို့ရာတွင် ပို့ကုန်အတွက် ကြိုတင်ငွေ ပေးသွင်းဝင်ရောက်သည့် (Advance Telegraphic Transfer –TT) စနစ်ဖြင့် ခွင့်ပြုခြင်းကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအခါ ပို့ကုန်လုပ်ငန်းရှင်များကုန်ပစ္စည်းတင်ပို့မှုလွယ်ကူချောမွေ့စေရေးအတွက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁ )ရက်နေ့မှ စတင်၍ ပို့ကုန်ရငွေကြိုတင်ပေးသွင်းရန်မလိုဘဲကုန်ပစ္စည်းတင်ပို့ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ နယ်စပ်ကုန်သွယ်မှုဖြင့်ပို့ကုန်တင်ပို့ရာတွင်အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) **၂၀၂၃ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင်သက်တမ်း(၃)နှစ်နှင့်အထက်ရှိသည့်ကုမ္ပဏီများ**

(၁) ပို့ကုန်လိုင်စင်လျှောက်ထားမည့်ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၂၀ % အား အာမခံကြေး(Deposit)အဖြစ် ကုန်သွယ်ရေးဦးစီးဌာနသို့ပေးသွင်းရမည်။

(၂) ပို့ကုန်ကြေညာလွှာရရှိပြီးနောက်အလုပ်လုပ်ရက်( Working Day) (၇) ရက်အတွင်း ပို့ကုန်ရငွေအား ကုမ္ပဏီ၏ ငွေစာရင်းသို့ဝင်ရောက်စေရန် ဆောင်ရွက်ရမည်။

(၃) ကုမ္ပဏီ၏ ငွေစာရင်းသို့ပို့ကုန်ရငွေဝင်ရောက်လာသည့်အခါ အာမခံကြေးအားပို့ကုန်တင်ပို့သည့်ကုမ္ပဏီသို့ပြန်လည်ထုတ်ပေးမည်။

( ခ ) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင်သက်တမ်း (၃)နှစ်အောက်ရှိသည့်ကုမ္ပဏီများ**

(၁) ပို့ကုန်လိုင်စင်လျှောက်ထားမည့်ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၃၅ % အား အာမခံကြေး (Deposit)အဖြစ် ကုန်သွယ်ရေးဦးစီးဌာနသို့ပေးသွင်းရမည်။

(၂) ပို့ကုန်ကြေညာလွှာရရှိပြီးနောက်အလုပ်လုပ်ရက် (Working Day) (၇)ရက်အတွင်း ပို့ကုန်ရငွေအား ကုမ္ပဏီ၏ ငွေစာရင်းသို့ဝင်ရောက်စေရန် ဆောင်ရွက်ရမည်။

(၃) ကုမ္ပဏီ၏ ငွေစာရင်းသို့ပို့ကုန်ရငွေဝင်ရောက်လာသည့်အခါ အာမခံကြေးအား ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသို့ပြန်လည်ထုတ်ပေးမည်။

( ဂ ) ပို့ကုန်လုပ်ငန်းရှင်သည် ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် သတ်မှတ်ထားသည့် အပ်နှံငွေ (Deposit) ပမာဏပြည့်မီကြောင်း PO Cheque အထောက်အထားကို သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးဇုန် သို့မဟုတ် ကုန်သွယ်ရေးစခန်းများတွင် ပြသအပ်နှံရမည်။

(ဃ) သတ်မှတ်ရက်အတွင်း ပို့ကုန်တင်ပို့သည့်ကုမ္ပဏီ၏ ငွေစာရင်းသို့ပို့ကုန်ရငွေဝင်ရောက်လာခြင်းမရှိပါကအာမခံကြေးအား သိမ်းယူမည်ဖြစ်ပြီး ကုမ္ပဏီ၏ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကိုလည်း ပိတ်သိမ်းမည်ဖြစ်သည်။

( င ) ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်အတွက် အာမခံကြေး (Deposit) ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ၊ ယွမ်၊ ဘတ်နှင့် ကျပ်စသည့် ငွေကြေးအမျိုးအစားအနက် မည်သည့်ငွေကြေးအမျိုးအစားဖြင့်မဆို သက်ဆိုင်ရာနယ်စပ်ဒေသဈေးကွက် ပေါက်ဈေးအတိုင်း ပေးသွင်းနိုင်သည်။

၄။ ဤသတင်းလွှာပါ အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်နှင့် အီးမေးလ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) ဆက်သွယ်ရန်ဖုန်း နံပါတ်များ - ၀၆၇- ၃၄၀၈၄၁၄ ၊ ၃၄၀၈၄၃၉၊ ၃၄၀၈၂၅၁

( ခ ) ဆက်သွယ်ရန် အီးမေးလ်များ - dottradepolicy1@gmail.com
dgoffice.01@gmail.com

**ကုန်သွယ်ရေးဦးစီးဌာန**